【၂၀၂၅ ခုနှစ်ထုတ်】

**စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် တိုခုတေးဂိနိုးနိုင်ငံခြားသားများလက်ခံခြင်း၏ ဥပမာကောင်းများ**

## Japan Vegetables Co. Ltd (Nihon Agri, Inc.)

## ～ကန်စွန်းဥတင်ပို့ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး၊ ထုတ်လုပ်ရေးအသင်း ခေါင်းဆောင်မှာ နိုင်ငံခြားသား～

<table>
<tr><td>

**အခြေခံအချက်အလက်**

တည်နေရာ ရှိဇူအိုကာစီရင်စု ခဲဂါ့ဝမြို့

မိခင်ကုမ္ပဏီ (Nihon Agri, Inc.)

စိုက်ပျိုးဧရိယာ လဟာပြင် ၆ဟက်တာ၊

ဖန်လုံအိမ် ၂လုံး

အဓိကသီးနှံ ကန်စွန်းဥ

ဝန်ထမ်းဖွဲ့စည်းပုံ ဂျပန် ၂၈ယောက် +

နိုင်ငံခြားသား ၆ယောက် (အားလုံး

အင်ဒိုနီးရှားလူမျိုး)

တိုခုတေးဂိနိုး အမှတ်စဉ် ၂ - ၂ယောက်

</td><td>



</td></tr>
<tr><td colspan="2">

ကွဲပြားခြားနားသောဆောင်ရွက်မှု (အသက်မွေးဝမ်းကြောင်းမြှင့်တင်မှုနှင့် စွမ်းဆောင်ရည် မြင့်မားစေရန် ထောက်ပံ့ခြင်း)

① ဂျပန်လူမျိုး၊ နိုင်ငံခြားသားဟူ၍မခွဲခြားဘဲ ခေါင်းဆောင်များအတွက် ရာထူးတိုး တက်လမ်းများကို ပြသပေးလျက်ရှိပါသည်။

</td></tr>
</table>

ယခု ထုတ်လုပ်ရေးအသင်းခေါင်းဆောင်မှာ နိုင်ငံခြားသားဖြစ်ပြီး နှစ်စဉ်ထုတ်လုပ်မှုစီမံကိန်းရေးဆွဲခြင်းနှင့် အောင်မြင်ဖြစ်ထွန်းမှုအနေအထားစီမံခန့်ခွဲခြင်းအပြင် ပမာဏများစွာထွက်ရှိရာဒေသရှိ လယ်ယာစိုက်ပျိုးသူများထံ စစ်ဆေးရေးခရီးသွားရောက်ခြင်းများလည်း ဆောင်ရွက်လျှက်ရှိ။

② ကား၊ စက်ယန္တရားကြီးများ၊ ဖော့ကလစ်စသည်တို့၏ ယာဉ်မောင်းလိုင်စင်ရယူရန်အတွက် ကုန်ကျစရိတ်ကိုလည်း ကုမ္ပဏီမှာ ၁၀၀% ကျခံပေးခြင်း။

【လုပ်ငန်းသစ်အစပျိုးခြင်းအနေဖြင့် ကန်စွန်းဥတင်ပို့ခြင်းလုပ်ငန်းစတင်ချဲ့ထွင်】

① မိခင်ကုမ္ပဏီမှာ ပန်းသီးတင်ပို့ခြင်းကိုလုပ်ဆောင်လျက်ရှိပြီး တင်ပို့ခြင်းအတတ်ပညာရှိသည်။ ထို့ကြောင့် အာရှတွင်လူကြိုက်များသည့်ကန်စွန်းဥကို စိုက်ပျိုးထုတ်လုပ်၍ တင်ပို့သောမြေအဖြစ် ရှီဇူအိုကာ၌ လုပ်ငန်းသစ်အစပျိုးခဲ့သည်။ ဝန်ထမ်းရရှိရန်အခက်တွေ့နေချိန် ဒေသခံများထံက နိုင်ငံခြားသားများကိုအလုပ်ခန့်ထားပြီး အလွန်ထူးချွန်ကြသည်ဟုကြားသိရသည့်အတွက် လုပ်ငန်းစတင်ထူထောင်ချိန်နှင့်တပြိုက်နက် တိုခုတေးဂိနိုးနိုင်ငံခြားသားများကို ခေါ်ယူလက်ခံခဲ့ပါသည်။ မြေလွတ်မြေရိုင်းများကိုပြန်လည်ဖော်ဆောင်၍ ထုတ်လုပ်မှုကို တိုးချဲ့သွားမည့်ကျွန်ုပ်တို့ကုမ္ပဏီအတွက် ထူးချွန်သောဝန်ထမ်းရရှိရန်မှာ အရေးကြီးကိစ္စဖြစ်ခဲ့ပါသည်။

② အစပိုင်းတွင် မှတ်ပုံတင်အထောက်အကူအေဂျင်စီထံသို့ ကူညီပံ့ပိုးရေးစရိတ်များ ပေးချေနေခဲ့သော်လည်း စရိတ်စကကြီးမားသည့်အတွက် မိမိတို့ကုမ္ပဏီတွင်း ကူညီပံ့ပိုးရေးသို့

ပြောင်းလဲခဲ့ပါသည်။ စာရွက်စာတမ်းပြင်ဆင်ရသည်မှာ ခက်ခဲခဲ့သော်လည်း အဆိုပါ ကုန်ကျစရိတ်အား ဝန်ထမ်းခန့်အပ်ရာတွင်ဖြည့်တင်းနိုင်ခဲ့ပြီး ထူးချွန်သောနိုင်ငံခြားသားများ ခန့်အပ်ခြင်းကို ပို၍ချဲ့ထွင်နိုင်ခဲ့ပါသည်။ လုပ်ငန်းဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် ကြီးမားသော အားအင်တစ်ခုဖြစ်နေပါသည်။

【အသက်မွေးဝမ်းကြောင်းမြှင့်တင်ဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်မြင့်မားစေရန် ထောက်ပံ့မှု】

(၁)အသက်မွေးဝမ်းကြောင်းမြှင့်တင်ဆောင်ရွက်မှုနှင့်ပတ်သက်၍

① ဝန်ထမ်းများကိုယ်တိုင်ရေးထားသည့် လုပ်ငန်းအကြောင်းအရာအကဲဖြတ်စာရွက်ကိုအသုံးပြု၍ တစ်နှစ်လျှင်၂ကြိမ် အမှတ်ပေးအကဲဖြတ်ခြင်းနှင့် အင်တာဗျူးများမှတဆင့် လစာတိုး၊ ရာထူးတိုး အခွင့်အလမ်းများရှိပြီး ဂျပန်လူမျိုး၊ နိုင်ငံခြားသားဟူ၍မခွဲခြားဘဲ စိုက်ပျိုးမွေးမြူရေးခြံ ကြီးကြပ်သူ၊ လုပ်ငန်းခွင်ကြီးကြပ်သူ၊ နည်းပြအစရှိသည့် အသင်းခေါင်းဆောင်များအဖြစ်သို့ ရာထူးတိုး တက်လမ်းများအား ပြသပေးလျက်ရှိပါသည်။

② ကိုယ်စားလှယ်သို့မဟုတ် ထုတ်လုပ်ရေးလုပ်ငန်းဌာနအကြီးအကဲနှင့် အကဲဖြတ်အင်တာဗျူး မတိုင်မီ အကဲဖြတ်စာရွက်တွင်ရေးသားထားသော အကြောင်းအရာများနှင့်ပတ်သက်၍ ကာယကံရှင်၏စွမ်းဆောင်ရည်အစစ်များ တိကျသေချာစွာ ထင်ဟပ်ထားခြင်းရှိမရှိကို ထုတ်လုပ်ရေးအသင်းတစ်ဖွဲ့လုံးနှင့် စီးပွားစီမံဌာနမှဝန်ထမ်းတို့ အစည်းအဝေးလုပ်၍ စစ်ဆေးပါသည်။

③ ယခုလက်ရှိထုတ်လုပ်ရေးအသင်းခေါင်းဆောင်သည်

လုပ်ငန်းစတင်တည်ထောင်စဉ်ကတည်းက ရှိခဲ့သည့် တိုခုတေးဂိုနိုးအမှတ်စဉ် (၁) လက်မှတ်ရ နိုင်ငံခြားသားမှ တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

(၂)စွမ်းဆောင်ရည်မြင့်မားစေရန်ဆောင်ရွက်မှုနှင့် အထောက်အပံ့

① အသင်းခေါင်းဆောင်သည် ပမာဏများစွာထွက်ရှိရာဒေသတွင် အခြားသော စိုက်ပျိုးမွေးမြူရေး လုပ်ဆောင်သူများထံမှ နည်းပညာများကိုသင်ယူရန်အတွက် ထွက်ရှိရာဒေသသို့ လေ့လာရေးစသည်တို့တွင်လည်း ပါဝင်လျက်ရှိသည်။

② ကွန်ပျူတာထောက်ပံ့ပေးထားပြီး လက်ကျန်ပစ္စည်းစီမံခန့်ခွဲခြင်းနှင့် တိုးတက်မှုအခြေအနေ သိရှိနိုင်ရန်အတွက် နေ့စဉ်စာရင်းသွင်းခြင်း၊ တစ်နှစ်တာထုတ်လုပ်မှုစီမံကိန်းရေးဆွဲခြင်းစသည့် ကိန်းဂဏန်းများစီမံခန့်ခွဲမှုစသော လုပ်ဆောင်ချက်များကို စတင်လျက်ရှိပါသည်။

③ ကား၊ စက်ယန္တရားကြီးများ၊ ဖော့ကလစ်စသည့် ယာဉ်မောင်းလိုင်စင်ရယူခြင်းနှင့်ပတ်သက်၍ ၁၀၀% သင်ယူစရိတ်ထောက်ပံ့မှုရှိပါသည်။ ထို့အပြင် သင်ယူနေသည့်အချိန်ကိုလည်း လစာပေးသည့်အချိန်အဖြစ်သတ်မှတ်ထားပြီး သင်ယူရမည့်နေရာသို့ အသွားအပြန်စရိတ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် အကြိုအပို့လည်းဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ၆ဦးအနက် ၅ဦးမှာ လိုင်စင်တစ်မျိုးမျိုးလက်ဝယ်ကိုင်ဆောင်ထားပြီး ဖော့ကလစ် ၄ဦး၊ ယာဉ်ကြီးလိုင်စင်၊ အလယ်အလတ်ယာဉ်မောင်းလိုင်စင်၊ သာမန်လိုင်စင်မှာ အသီးသီး ၂ဦးစီ ရရှိထားကြပါသည်။

④ အမှတ်စဉ် (၂) စာမေးပွဲနှင့်ပတ်သက်၍ စာရွက်စာတမ်းများ ကူညီပံ့ပိုးပေးခဲ့ပါသည်။

ကုမ္ပဏီအနေဖြင့် ကူညီပံ့ပိုးမှုအနေအထားမှာ မပြည့်စုံသေးသော်လည်း အကြောင်းအရာများမှာ အဆင့်မြင့်သောကြောင့် စာမေးပွဲမအောင်ခဲ့ပါက နေထိုင်ခွင့်ကုန်ဆုံးသွားမည်ဖြစ်သောကြောင့် စာမေးပွဲဖြေဆိုနိုင်ရန်အတွက်လိုအပ်သည်များနှင့် ပြဌာန်းစာအုပ်များပုံနှိပ်ခြင်းစသည်တို့အား ကူညီပံ့ပိုးပေးခဲ့ပါသည်။ အမှတ်စဉ် (၂) အောင်မြင်ထားသူမှာ လက်ရှိဦးရှိပြီး လုပ်ငန်းကို ဆွဲခေါ်ပေးလျက်ရှိပါသည်။ လုပ်ငန်းအားအတူတကွဖော်ဆောင်သွားမည့် ရဲဖော်ရဲဖက်အဖြစ် ၎င်းတို့ နေထိုင်ခွင့်သက်တမ်းအကန့်အသတ်မရှိ ရှိနေနိုင်ခြင်းသည် အလွန်ပင် အားတက်စေပါသည်။

【နိုင်ငံခြားသားဝန်ထမ်းများအား အင်တာဗျူး】




Rio san (အမှတ်စဉ် (၂) ရရှိထားသူ)



ဘယ် - Randy san (အမှတ်စဉ် (၁)
ထုတ်လုပ်ရေးအသင်းခေါင်းဆောင်)

① ဘာကြောင့် ဂျပန်မှာအလုပ်လုပ်ရတာလဲ။ ဂျပန်မှာ အချိန်ဘယ်လောက်ကြာ အလုပ်လုပ်ဖို့

**အစီအစဉ်ရှိလဲ။**

**Rio ：မိခင်နိုင်ငံမှာ အလုပ်သိပ်မရှိတာကြောင့်နဲ့ ဂျပန်မှာရတဲ့ဝင်ငွေက မိခင်နိုင်ငံထက် မြင့်တာကြောင့် မိသားစုအတွက် ရှာဖွေစုဆောင်းချင်ခဲ့လို့ပါ။ ပြီးတော့ ဂျပန်နိုင်ငံရဲ့ယဉ်ကျေးမှုနဲ့ အလုပ်လုပ်ပုံလုပ်နည်းတွေကိုလည်း သင်ယူချင်ခဲ့ပါတယ်။ နောက်ထပ်နှစ်အနည်းငယ် အလုပ်လုပ်ချင်ပါတယ်။**

**Handoko：ဂျပန်က ကိုယ့်နိုင်ငံထက်ပိုပြီး ရှာဖွေစုဆောင်းနိုင်လိမ့်မယ်လို့ ထင်ခဲ့တာကြောင့်ပါ။ ဒါ့အပြင် စိုက်ပျိုးမွေးမြူနည်း၊ အထူးသဖြင့် ကန်စွန်းဥစိုက်ပျိုးရေးကို လေ့လာသင်ယူချင်ပါတယ်။ ပြန်ရမယ့်အချိန်ကတော့ မဆုံးဖြတ်ရသေးပါဘူး။ မနှစ်က အမှတ်စဉ် (၂) စာမေးပွဲ အောင်မြင်ခဲ့ပါတယ်။**

**Randy：ဝင်ငွေမြင့်မားတာနဲ့ စိုက်ပျိုးမွေးမြူရေးနည်းပညာများကို သင်ယူချင်ခဲ့တာက အကြောင်းရင်း ဖြစ်ပါတယ်။ ၂၀၁၆ခုနှစ်မှာ ဂျပန်ကိုလာခဲ့ပြီး တခြားစိုက်ပျိုးရေးလုပ်ကိုင်သူဆီမှာ အလုပ်သင် (ဂိနိုးဂျစ်ရှုး) အနေနဲ့အလုပ်လုပ်ပြီးတဲ့နောက် တိုခုတေးဂိနိုး အမှတ်စဉ် (၁) စာမေးပွဲ ဖြေခဲ့ပါတယ်။ နောက်နှစ် အမှတ်စဉ် (၂) စာမေးပွဲဖြေပါမယ်။ ဖြစ်နိုင်မယ်ဆိုရင် အနာဂတ်မှာ မိသားစုကိုလည်းခေါ်နိုင်မယ်ဆို ကောင်းမယ်လို့တွေးမိပါတယ်။**

**② သင်လုပ်နေတဲ့အလုပ်အကြောင်းကိုပြောပြပါ။**

**Rio：အသီးရွေးချယ်တဲ့လုပ်ငန်းစဉ်မှာ အချိန်ပိုင်းအလုပ်သမားတွေရဲ့ခေါင်းဆောင်အနေနဲ့ အလုပ်လုပ်နေပါတယ်။ ဘယ်ကန်စွန်းဥအမျိုးအစားကို ဘယ်အချိန်ထိ ဘယ်နှပုံး ဘယ်ကိုပို့ရမှာလဲ**

စတဲ့ အဲဒီနေ့မှာလုပ်ရမယ့်အစီအစဉ်ဆွဲတာ၊ လုပ်ငန်းခွင်မှာ ညွှန်ကြားချက်ပေးရင်းနဲ့ အော်ဒါအတိုင်း ဖြစ်လာနိုင်အောင် ခြုံငုံပြီးစီမံခန့်ခွဲရပါတယ်။

Randy：ကန်စွန်းဥပျိုးပင်စပျိုးသည်ကနေ စိုက်ပျိုးမြေထွန်ယက်ပြင်ဆင်ပြီး ရိတ်သိမ်းတဲ့အထိ အကုန်လုံးလုပ်ပါတယ်။

Handoko：Randy sanနဲ့ အလုပ်အကြောင်းအရာအတူတူပါပဲ။ အတူတူ အလုပ်လုပ်ကြပါတယ်။

### ③ လုပ်ငန်းခွင်က အလုပ်လုပ်ရလွယ်ကူလား၊ ဘယ်လိုအချက်တွေက အလုပ်လုပ်ရကျိုးနပ်ပါသလဲ

Randy：လုပ်ရလွယ်ကူပါတယ်။ ဒီမှာက နိုင်ငံသားဆိုတာနဲ့မသက်ဆိုင်ဘဲ အတူတူကြိုးစားကြစို့ ဆိုတဲ့ဝန်းကျင်မျိုးရှိပြီး ကောင်းတယ်လို့ထင်ပါတယ်။ အခု ထုတ်လုပ်ရေးဌာနရဲ့ခေါင်းဆောင်လို့ ဆိုပေမယ့် သက်မွေးဝမ်းကြောင်းတက်လမ်းတွေမြင်နေရတာဟာ အရမ်းလုပ်ရကျိုးနပ်ပါတယ်။

Handoko：အလုပ်အမျိုးမျိုးယုံကြည်အပ်နှံပေးကြပြီး အားလုံးကရဲဖော်ရဲဖက်တွေဖြစ်လို့ အတူကြိုးစားကြစို့ဆိုတဲ့ခံစားချက်မျိုးရှိပြီး လုပ်ကိုင်ရလွယ်ကူပါတယ်။ နိုင်ငံသားပေါ်မူတည်ပြီး တာဝန်တွေ၊ အလုပ်အကြောင်းအရာတွေကို သတ်မှတ်လိုက်တာမျိုးမရှိပါဘူး။

### ④ လုပ်ငန်းခွင်မှာ ဆက်ဆံပြောဆိုရေး ချောချောမွေ့မွေ့ရှိပါသလား။ တီထွင်ကြံဆထားတဲ့အချက်ရှိပါသလား။

Rio：အသီးရွေးချယ်တဲ့အလုပ်မှာ ဂျပန်လူမျိုးအချိန်ပိုင်းဝန်ထမ်း အယောက်၂၀ကျော်ကျော်ရှိပြီး

သူတို့ရဲ့ကြီးကြပ်ရေးတာဝန်ခံနဲ့ဆွေးနွေးတိုင်ပင်ပြီး သူတို့တွေအားလုံးကို အလုပ်ညွှန်ပြတာမျိုး လုပ်ပါတယ်။ ပြီးတော့ ပါးစပ်ပြောတာချည်းပဲမဟုတ်ဘဲ ကိုယ်တိုင် ရှေ့ဆောင်လုပ်ပြရင် အားလုံးကလည်း နောက်ကလိုက်ပါလုပ်ဆောင်ပေးကြပါတယ်။

⑤ အလုပ်မှာ အန္တရာယ်ကင်းရှင်းရေးနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးတွေမှာ အထူးသတိပြုတဲ့ အရာရှိပါသလား။

Rio：ကုန်ထုတ်ဖို့အတွက်ကွန်တိန်နာတွေကို ဝန်ချီစက်နဲ့စုပုံထပ်နေတဲ့အချိန် လုပ်ငန်းစဉ်ပေါင်း များစွာကိုလုပ်နေတဲ့ဘေးကနေဖြတ်သွားရတာဖြစ်လို့ အရမ်းဂရုစိုက်ပါတယ်။ ကွန်တိန်နာတစ်ခုက ကီလို၂၀နဲ့အထက်ရှိပြီး ခင်းပြားတစ်ခုမှာ ကွန်တိန်နာ၂၄ပုံးတင်ထားတာကို ၃ဆင့် ၄ဆင့် ထပ်ဆင့်ပါတယ်။ ဝန်ချီစက်ကလည်း ဘယ်နှစီးမှန်းမသိ တပြိုင်နက်တည်းအလုပ်လုပ်နေတာဖြစ်လို့ အန္တရာယ်မဖြစ်အောင် အထူးသတိထားပါတယ်။

Randy：ရိတ်သိမ်းချိန်သယ်ယူပို့ဆောင်ရာမှာ အထူးသတိပြုပြီးသယ်ပို့ပါတယ်။

Handoko：စက်ပစ္စည်းကိုင်တွယ်ရာမှာနဲ့ လယ်ယာသုံးဆေးကျဲပက်နည်းတွေမှာ သတိထား ဆောင်ရွက်ခဲ့ပေမယ့် မနှစ်ကစပြီး လယ်ယာသုံးဆေးဖျန်းတာကို ဒရုန်းနဲ့လုပ်လာခဲ့ပါပြီ။

⑥ နေထိုင်တဲ့နေရာ၊ ဒေသခံလူတွေနဲ့အပြန်အလှန်ဆက်ဆံရေးနှင့်ပတ်သက်လို့ကရော ဘယ်လိုလဲ။

Rio：နေထိုင်တဲ့နေရာက အသီးရွေးချယ်တဲ့နေရာအနီးမှာဖြစ်ပြီးတော့ စက်ဘီးနဲ့ ၃မိနစ်လောက်ပဲ

**သွားရတဲ့နေရာမှာရှိလို့ အရမ်းကောင်းပါတယ်။**

**သူငယ်ချင်းကခေါ်လို့ ဒေသရဲ့အားကစားခန်းမမှာ ဘော်လီဘောကစားနေပါတယ်။**

**Randy：Rio နဲ့တူတူတဲ့နေရာမှာနေထိုင်နေပါတယ်။ ၂ယောက်၁ခန်းဖြစ်ပြီး ကိုယ်စီ ကိုယ်ပိုင်အခန်းရှိပါတယ်။ အဆင်မပြေဘူးလို့တွေးမိတာမရှိပါဘူး။ Rio နဲ့အတူတူ ဘောလီဘောကစားပါတယ်။ နိုင်ငံခြားသားရော ဂျပန်လူမျိုးတွေရောရှိတဲ့ ပျော်ဖို့ကောင်းတဲ့အသိုင်းအဝိုင်းလေးဖြစ်ပါတယ်။**

**⑦ အမှတ်စဉ် (၂) စာမေးပွဲကို ဘယ်လိုလေ့လာခဲ့တာလဲ။**

**Rio：စာအုပ်ကြည့်ပြီးလေ့လာရတာ အားမသာပေမယ့် စာမေးပွဲမတိုင်ခင် ၁လလောက်အလိုမှာ YouTube၊ ဖုန်း၊ ကွန်ပျူတာတွေနဲ့ ပြဌာန်းစာအုပ်၊ မေးခွန်းပေါင်းချုပ်တွေကိုကြည့်ပြီး လေ့လာခဲ့ပါတယ်။ ဂျပန်ဘာသာစကားကတော့ ရပ်ရွာလူထုဗဟိုဌာနမှာ သင်ကြားပေးနေတဲ့ စေတနာဝန်ထမ်းရှိပြီး ဂျပန်ဘာသာစာမေးပွဲအတွက်စာအုပ်ကို စီစဉ်ပေးခဲ့ပါတယ်။**

**Handoko：ဝက်ဘ်ဆိုဒ်မှာရှိတဲ့ ပြဌာန်းစာအုပ်တွေဖတ်တာမျိုး၊ YouTube ကိုကြည့်တာမျိုးလုပ်ပြီး လေ့လာခဲ့ပါတယ်။ YouTube က Liveလွှင့်တဲ့သင်ခန်းစာတွေလိုမျိုးလည်းရှိပြီး ဘာသာရပ်အလိုက် စုစည်းထားတာဖြစ်လို့ လေ့လာရလွယ်ကူခဲ့ပါတယ်။ ရပ်ရွာလူထုဗဟိုဌာနကိုလည်း ဂျပန်စာ သင်ယူဖို့သွားခဲ့ပါတယ်။ အဲဒီလိုစေတနာ့ဝန်ထမ်းလုပ်နေတဲ့သူတွေရှိလို့ ဂျပန်လူမျိုးတွေက အရမ်းကို တော်ကြတာပဲနော်။**

**⑧ ရှေ့ဆက်မယ့်ဦးတည်ချက်နဲ့ မိခင်နိုင်ငံမှာ ဘယ်လိုအနာဂတ်တွေကို စဉ်းစားထားပါသလဲ။**

**Rio**ː နောက်ထပ်ဘယ်နှနှစ်ကြာဦးမလဲမသိပေမယ့် မိခင်နိုင်ငံကိုပြန်ခဲ့တဲ့အချိန် ဆီအုန်း (palm oil) စိုက်ခင်းကိုလုပ်ချင်တယ်လို့ တွေးနေမိပါတယ်။

**Handoko**ː ချက်ချင်းကြီးပြန်မယ်လို့တော့တွေးမထားပေမယ့် ကိုယ်ပိုင်ဆိုင်လေးလုပ်ချင်တယ်လို့ တွေးနေမိပါတယ်။ ဂျပန်နိုင်ငံရဲ့စူပါမားကတ်လိုမျိုးဆိုင်ပေါ့။

**Randy**ː အမျိုးသမီးက ဟင်းလျာတွေကြိုက်တတ်တာမို့ ကဖီးဆိုင်လေးကို နှစ်ယောက်အတူတူ လုပ်ချင်တယ်လို့တွေးနေမိပါတယ်။